ယနေ့မတ်လ ၂၉ ရက် အမှတ် (၅) ဗျူဟာ လှုပ်ရှားနယ်မြေ တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွား
၂၀၁၅ ခုနှစ် မတ်လ ၂၉ ရက်

တအာင်းဒေသ၊ အမှတ် (၅) ဗျူဟာ လှုပ်ရှားနယ်မြေ၊ ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့နယ်ခွဲ၊ မုံးစီးကျေးရွာနှင့် နမ့်မောကျေးရွာကြားတွင် ယနေ့မတ်လ ၂၉ ရက် ညနေ ၁၅း၃၀ နာရီမှ ၁၆း၀၀ အချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၂၂၃)နှင့် မြန်မာ့တပ်မတော် တပ်မ (၁၁)တို့ နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ ပြန်လည် ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိသေးပါ။ မြန်မာ့တပ်မတော်ဖက်မှ ထိခိုက် ဒဏ်ရာရရှိမှု မသိရှိရသေးပါ။
အမှတ်(၅) လှုပ်ရှားဗျူဟာ နယ်မြေသို့ မြန်မာ့တပ်မတော်မှ ဆက်လက်အင်အားဖြည့် ထိုးစစ်ဆင် လာနေပြီး ထိုဒေသတွင် တိုက်ပွဲ ဆက်လက်ပြင်းထန်လာ နိုင်မည့် အလားအလာရှိသည်။
ထိုဒေသတွင် နေ့လည် ၁၁း၃၀ နာရီမှ ၁၃း ၄၅ အချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၃၃၅)နှင့် မြန်မာ့တပ်မတော်တို့ နှစ်ဖက် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဖက်မှ ဆက်လက် ထိုးစစ်ဆင် တက်လာရာမှ ယခု တအာင်းတပ်မတော် တပ်ရင်း (၂၂၃) နှင့် ဒုတိယအကြိမ်မြောက် တိုက်ပွဲ ပြန်လည်ဖြစ်ပွားခြင်းဖြစ်သည်။

သတင်းနှင့် ပြန်ကြားရေးဌာန

---

တအာင်းဒေသအတွင်း တိုက်ပွဲနေ့စဉ်လိုလို ပြန်လည် ဖြစ်ပွား
၂၀၁၅ ခုနှစ် မတ်လ ၂၉ ရက်

တအာင်းဒေသ၊ အမှတ် (၅) ဗျူဟာ လှုပ်ရှားနယ်မြေ၊ ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့နယ်ခွဲနှင့် မုံးစီးကျေးရွာ ကြားတွင် ယနေ့မတ်လ ၂၉ ရက် နေ့လည် ၁၁း၃၀ နာရီမှ ၁၃း ၄၅ အချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၃၃၅)နှင့် မြန်မာ့တပ်မတော်တို့ နှစ်ဖက် အပြင်းအထန် တိုက်ပွဲဖြ စ်ပွားခဲ့သည်။
တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိသေးပါ။ မြန်မာ့တပ်မတော်ဖက်မှ အများအပြား ထိခိုက် ဒဏ်ရာရရှိသည်။
အမှတ်(၅) လှုပ်ရှားဗျူဟာ နယ်မြေသို့ မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင် တိုက်ခိုက် လာခြင်းကြောင့် နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရခြင်း ဖြစ်သည်။

သတင်းနှင့် ပြန်ကြားရေးဌာန

---

တအာင်းဒေသသို့ ထိုးစစ်ဆင်လာသည့် တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွား
၂၀၁၅ မတ်လ ၂၈ ရက်

တအာင်းဒေသ၊ ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲနှင့် မော်ဟန်ကျေးရွာကြားတွင် ယနေ့မတ်လ ၂၈ ရက်နေ့ ညနေ ၁၆း၀၀ နာရီမှ ၁၆း၃၀ နာရီ အချိန်ထိ တအာင်းတပ်မတော် ဗျူဟာ(၅) လက်အောက်ခံ တပ်ရင်း (၃၃၅)နှင့် မြန်မာ့တပ်မတော်တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။
တအာင်းဒေသ ဗျူဟာ(၅) လှုပ်ရှားနယ်မြေ အတွင်းသို့ မြန်မာ့တပ်မတော်မှ စစ်အင်အား ထပ်မံ အင်အားဖြည့် ထိုးစစ်ဆင်ရာမှ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲ ဖြစ်ပွားရခြင်း ဖြစ်သည်။

---------------------------------------------------------------

တအာင်းဒေသအတွင်း မြန်မာ့တပ်မတော်မှ အတောင်းပြည်သူအား ဖမ်းဆီးနှိပ်စက် ပေါ်တာခေါ် လျှက်ရှိ
၂၀၁၅ မတ်လ ၂၈ ရက်
တအာင်းဒေသ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ ကွင်းစလန်းအုပ်စု၊ ကျောက်ဖြူကျေးရွာတွင် ကျောက်ဖြူရွာသားများဖြစ်ကြသည့် (၁)ဦးအိုက်လော၊ (၂)ဦးအိုက်အေး၊ (၃)ဦးထွန်းသာ၊ (၄)ဦးအိုက်တု၊ (၅)ဦးအိုက်မောင်၊ (၆)ဦးအိုက်ပီး၊ (၇)ဦးအိုက်ချစ်၊ (၈)ဦးအိုက်စိုး၊ (၉)ဦးအိုက်နွယ်၊ (၁၀)ဦးကွန်းအလှူ၊ (၁၁)မိုင်းဆန်ထွန်းတို့ (၁၁)ဦးအား မတ်လ ၂၄ ရက်နေ့လည် ၁၁း၀၀နာရီအချိန်၌ ပေါ်တာအဖြစ်ဖမ်းဆီးခေါ် ဆောင်သွားပြီး မတ်လ ၂၅ ရက်နေ့ညနေ ၁၅း၀၀ နာရီတွင် နေအိမ်သို့ ပြန်လွတ်ပေးခဲ့သည်။
ထို့နေ့ နံနက် ၀၉း၃၀ အချိန်တွင်ပင် ရွာသားများ ဖြစ်ကြသည့် (၁)မိုင်းအိုက်တုတ် (၁၈)နှစ်၊ (၂)ဦးတာအဝင်း(၄၀)နှစ်၊ (၃)ဦးတာအိုက်ဆာ(၄၇)နှစ်၊ (၄)မိုင်းထွန်းသာ(၂၅)နှစ်သတို့အား ကျောက်ဖြူကျေးရွာ ၄င်းတို့နေအိမ်၌ တအာင်းတပ်မတော် ဖမ်းဆီး စစ်ဆေး ရိုက်နှက်ခဲ့သည်။
သတင်းနှင့်ပြန်ကြားရေးဌာန

-----------------------------------------------------

## တိုက်ပွဲ Update သတင်း
## ၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်

တအာင်းဒေသ၊ တပ်မဟာ(၂) နယ်မြေ၊ မိုးမိတ်မြို့နယ်၊ ခွန်ခါကျေးရွာ၊ မြန်မာ့တပ်မတော် တပ်စခန်းအား မတ်လ ၂၄ ရက်နေ့ ၂၀း၀၀ နာရီ အချိန် တအာင်းတပ်မတော် တပ်ရင်း (၅၂၇) မှ ဝင်ရောက် တိုက်ခိုက် ခဲ့သည့် တိုက်ပွဲတွင် နှစ်ဖက် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၂၃း၃၀ အချိန်တွင် တိုက်ပွဲခဏ ငြိမ်သက်သွားပြီး မတ်လ ၂၅ ရက် နံနက် ၀၅း၀၀ နာရီမှ ၀၆း၃၀ နာရီအထိ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ပြန်လည်ဖြစ်ပွားခဲ့သည်။

တပ်မဟာ(၂) နယ်မြေ၊ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ မြန်မာ့တပ်မတော် တပ်စခန်းအား မတ်လ ၂၄ ရက်နေ့ ၂၀း၂၀ နာရီ အချိန် တအာင်းတပ်မတော် တပ်ရင်း (၂၅၆) မှ ဝင်ရောက် တိုက်ခိုက် ပစ်ခတ် ခဲ့သည့် တိုက်ပွဲသည် ၂၂း၃၀ အချိန်တွင် တိုက်ပွဲရပ်နားသည်။

---------------------------------------------------------

ကောင်းပိုင်းရွာအနီး တိုက်ပွဲ ဖြစ်ပွားမှုကြောင့် ကောင်းပိုင်းနှင့် အနီးတစ်ဝိုက်ရှိ ရွာသားများ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ခဲ့ရ
၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်

တအာင်းဒေသ၊ နမ့်ခမ်းမြို့နယ်၊ ကောင်းပိုင်းရွာ အထက်တွင် မတ်လ ၂၄ ရက်နေ့ ညနေတွင် တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တိုက်ပွဲဖြစ်ပွား ခဲ့ကြရာ ကောင်းပိုင်းကျေးရွာ၊ မန်ကောင်းကျေးရွာနှင့် မန်ကန်ကျေးရွာရှိ ရွာ (၃) ရွာတို့မှ လူအင်အား (၂၀၀၀) နီးပါး နမ့်ခမ်းမြို့နယ်၊ ဟိုနားကျေးရွာသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

လက်ရှိစစ်ဘေးရှောင် ဒုက္ခသည် များသည် ဟိုနားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းနေထိုင်လျှက်ရှိသည်။ ယခုလက်ရှိ မည်သည့် အဖွဲ့အစည်းမှ လာရောက် ကူညီ စောင့်ရှောက် မည့်သူမရှိသေးကြောင်း သိရှိရသည်။

တိုက်ပွဲက မတ်လ ၂၂ ရက်နေ့လည်းဖြစ်တယ် ၂၄ ရက်နေ့လည်းဖြစ်တယ် အစိုးရတပ်တွေလည်း တပ်အင်အား ထပ်မံ တက်လာတယ် တိုက်ပွဲဆက်လက်ပြင်းထန်လာမယ်ထင်တယ် ဒါကြောင့်မနေရဲဘူး ထွက်ပြေးလာရတယ်ဟု ထွက်ပြေးလာသူထံမှ မေးမြန်းသိရှိရသည်။ရွာအတွင်းမည်သူမှ မရှိတော့ဘဲ ရွာလုံးကျွတ် ထွက်ပြေးလာရကြောင်းလည်း မေးမြန်းသိရှိရသည်။

အခုတော့ ဘယ်အဖွဲ့အစည်းမှ လာရောက်ကူညီတာမရှိသေးဘူး ဒီနေ့တော့ ရွာမှာရှိတဲ့စေတနာရှင်တွေက စုပြီးကျွေးထားတယ် မနေ့ညလည်း ဆိုင်ကယ်ရှိတဲ့လူတွေ လူရွယ်တွေတော့ ထွက်ပြေးပြီးရောက်လာတယ် ကျန်နေတဲ့ ကလေးတွေ၊ အသက်ကြီးတဲ့သူတွေ ရှိသေးတယ်ဆိုလို့ ဒီကကား(၈)နဲ့ သွားကြိုတယ်  ည ၁၁း၀၀ နာရီလောက်မှာ ရွာကိုပြန်ရောက်တယ်ဟု စစ်ပြေးရှောင် ကူညီဆောင်ရွက်နေသူတစ်ဦးထံမှ မေးမြန်းသိရှိရသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

------------------------------------------------------------------

၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်

တအာင်းဒေသ၊ တပ်မဟာ(၂) နယ်မြေ နမ့်ဆန်မြို့နယ်၊ နမ့်တွေကျေးရွာနှင့် လွယ်ပျက်ကျေးရွာကြားတွင် ယနေ့ မတ်လ ၂၄ ရက် နံနက် ဝ၈း၄၀ အချိန်မှ ယခုချိန်ထိ တအာင်းတပ်မတော် တပ်ရင်း(၉၈၇) နှင့် မြန်မာ့တပ်မတော် တပ်မ(၇၇) တို့ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား ဆက်လက်တင်ပြသွားပါမည်။

တအာင်းဒေသသို့ စစ်အင်အားအလုံးအရင်းဖြင့် ယခုစစ်ဖြစ်သည့်ဒေသ၌ မတ်လ ၂၄ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ စစ်အင်အား ၃၀၀ ကျော်ထပ်မံ ဖြည့်တင်းပြီး တအာင်းတပ်မတော်အား ထိုးစစ်ဆင် လမ်းကြောင်းပိတ်ဆို့ လိုက်လံတိုက်ခိုက်လျှက်သည်။

သတင်းနှင့်ပြန်ကြားရေးဌာန

-----------------------------------------------------------

၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်

တအာင်းဒေသ၊ တပ်မဟာ(၂) နယ်မြေ၊ မိုးမိတ်မြို့နယ်၊ ခွန်ခါကျေးရွာ၊ မြန်မာ့တပ်မတော် တပ်စခန်းအား မတ်လ ၂၄ ရက်နေ့ ၂၀း၀၀ နာရီ အချိန်မှ ယခု အချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၅၂၇) မှ ဝင်ရောက် တိုက်ခိုက် ပစ်ခတ် ခဲ့သည်။
တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား ဆက်လက်တင်ပြသွားပါမည်။

ထို့အပြင်တအာင်းဒေသ၊ တပ်မဟာ(၂) နယ်မြေ၊ ကျောက်မဲမြို့နယ်၊
မိုင်းငေါ့မြို့နယ်ခွဲတွင်လည်း  မြန်မာ့တပ်မတော် တပ်စခန်းအား မတ်လ ၂၄ ရက်နေ့ ၂၀း၂၀ နာရီ အချိန်မှ ယခု အချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၂၅၆) မှ ဝင်ရောက် တိုက်ခိုက် ပစ်ခတ် ခဲ့သည်။

တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား
ဆက်လက်တင်ပြသွားပါမည်။

-------------------------------------

တိုက်ပွဲ Update သတင်း
၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်

တအာင်းဒေသ၊ တပ်မဟာ (၁) နယ်မြေ၊ နမ့်ခမ်းမြို့နယ် ၊ ကောင်းပိုင်းရွာအနီးတွင် ယနေ့မတ်လ ၂၄ ရက်နေ့ ညနေ ၁၇း၃၀ နာရီ အချိန်မှ ယခုအချိန်ထိ တအာင်းတပ်မတော်တပ်ရင်း (၁၁၂)နှင့် မြန်မာ့တပ်မတော် တို့ နှစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွား ခဲ့သည်။
တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား
ဆက်လက်တင်ပြသွားပါမည်။

သတင်းနှင့်ပြန်ကြားရေးဌာန

-------------------------------------

တအာင်းဒေသအတွင်း၊ တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ နှစ်ရက်ဆက်တိုက် တိုက်ပွဲ ဖြစ်ပွား
၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်

တအာင်းဒေသ၊ ကွတ်ခိုင်မြို့နယ်၊ နမ့် ဖတ်လင်း ကျေးရွာအနီးတွင် မတ်လ ၂၃ ရက် ညနေ ၁၅း၄၅ နာရီ အချိန်တွင် တအာင်းတပ်မတော် တပ်မဟာ (၁) လက်အောက်ခံ တပ်ရင်း (၄၇၈) နှင့် မြန်မာ့တပ်မတော် တို့ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင် တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှု မသိရှိရသေးပါ။
နံနက် ၀၉း၁၀ နာရီ တပ်မဟာ(၂) နယ်မြေ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ ကွမ်းစလန်းကျေးရွာအုပ်စု၊ ကျောက်ဖြူကျေးရွာအနီးတွင်   တအာင်းတပ်မတော် တပ်ရင်း (၉၈၇) နှင့် မြန်မာ့တပ်မတော် တပ်မ(၇၇)တို့ နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ တွင် ၀၉း၂၀ နာရီ အချိန်တွင် တိုက်ပွဲ ပြီးဆုံး ၍ တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက်မှ (၂) ဦး ကျဆုံးသည်။
တအာင်းဒေသအတွင်း မတ်လ ၂၂ ရက်နေ့ တွင်လည်း တစ်ရက်တည်း တိုက်ပွဲ (၄) ကြိမ်ဖြစ်ပွားခဲ့သည်။
ယနေ့မတ်လ ၂၃ ရက်နေ့၌ (၂)ကြိမ်ဖြစ်ပွားသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

-----------------------------------------

တအာင်းဒေသ တိုက်ပွဲ ဆက်လက် ပြင်းထန်
၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်

တအာင်းဒေသ၊ တပ်မဟာ(၂) နယ်မြေ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ ကွမ်းစလန်းကျေးရွာအုပ်စု၊ ကျောက်ဖြူကျေးရွာအနီးတွင်  ယနေ့ မတ်လ ၂၃ ရက်နေ့ နံနက် ၀၉း၁၀ နာရီ မှ

ယခုအချိန်ထိ  တအာင်းတပ်မတော် တပ်ရင်း (၉၈၇) နှင့် မြန်မာ့တပ်မတော် တပ်မ(၇၇)တို့ နှစ်ဖက်
ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား
ဆက်လက်တင်ပြသွားပါမည်။
တအာင်းဒေသအတွင်း၊ မတ်လ ၂၂ ရက်နေ့ တွင်လည်း တစ်ရက်တည်း တိုက်ပွဲ (၄) ကြိမ်ဖြစ်ပွားခဲ့သည်။

သတင်းနှင့်ပြန်ကြားရေးဌာန

---

------------------------------------------------------------

တအာင်းဒေသ တိုက်ပွဲ ဆက်လက် ပြင်းထန်
၂၀၁၅ ခုနှစ် မတ်လ ၂၂ ရက်

တအာင်းဒေသ၊ တပ်မဟာ(၁) နယ်မြေ မူဆယ်မြို့နယ်၊ ခိုမုန်းကျေးရွာအနီးတွင် ယနေ့ မတ်လ ၂၂ ရက်နေ့ နံနက်
၀၈း၃၀ နာရီ မှ ၁၀း၃၀ နာရီအချိန်ထိ  တအာင်းတပ်မတော် တပ်ရင်း (၅၇၁) နှင့် မြန်မာ့တပ်မတော်တို့ နှစ်ဖက်
ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင် တအာင်းတပ်မတော်ဂက်မှ ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက်မှ
ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။
ထို့အပြင် နေ့လည် ၁၁း၀၅ နာရီမှ ယခုအချိန်ထိ တပ်မဟာ(၁) နယ်မြေ နမ့်ခမ်းမြို့နယ်၊
ကောင်းပိုင်းကျေးရွာအနီးတွင်လည်း တအာင်းတပ်မတော် တပ်ရင်း (၁၁၂) နှင့် မြန်မာ့တပ်မတော်တို့ နှစ်ဖက်
ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင် နှစ်ဖက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။
ယခုအချိန်ကာလသည် ရန်ကုန်မြို့တွင် NCCT အဖွဲ့နှင့် UPWC တို့တစ်နိုင်ငံလုံး အပစ်ရပ်ဆဲရေး
ဆွေးနွေးနေစဉ်ကာလတွင် တအာင်းဒေသသို့ မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်မှုကြောင့် တိုက်ပွဲများဆက်လက်
ပြင်းထန်နေဆဲဖြစ်သည်။

သတင်းနှင့်ပြန်ကြားရေးဌာန

------------------------------------------
တအာင်းဒေသ တိုက်ပွဲ ဆက်လက် ပြင်းထန်
၂၀၁၅ ခုနှစ် မတ်လ ၂၀ ရက်

တအာင်းဒေသ၊ ဗျူဟာ(၁) နယ်မြေ မူဆယ်မြို့နယ်၊ နမ့်အွမ်ကျေးရွာနှင့် ဆိုက်ခေါင်ကျေးရွာ ကြားတွင် ယနေ့
မတ်လ ၂၀ ရက်နေ့ ညနေ ၁၄း၂၀ နာရီ မှ ၁၅း၀၀ နာရီအချိန်ထိ  တအာင်းတပ်မတော် တပ်ရင်း (၅၇၁) နှင့်
မြန်မာ့တပ်မတော်တို့ နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင်တအာင်းတပ်မတော်ဂက်မှ ထိခိုက်ကျဆုံးမှုမရှိပါ။ မြန်မာ့တပ်မတော်ဖက်မှ (၂) ဦးကျဆုံးသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

Thanks a lot for your introduction.
I'm interested in his career in the Thai army.
Do you konw sth about it.
Because that's related to our business.

Thank you.

-----------------------------------------

လောက်ကိုင်ဒေသ၊ တအာင်းတပ်မတော်(TNLA) ၊ MNDAA၊ AA တပ်ပေါင်းစုနှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဆက်လက်ဖြစ်ပွား

၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်

လောက်ကိုင်ဒေသ၊  ကုန်းကြမ်းအထက်ဘက်တွင် မတ်လ ၁၈ ရက်နေ့ နံနက် ၀၇း၀၀ နာရီ မှ ညနေ ၁၄း၀၀ နာရီ အချိန်ထိ  တအာင်းတပ်မတော်၊ ဗျူဟာ(၄)လက်အောက်ခံ တပ်ရင်း (၈၁၈) ၊ MNDAA၊ AA တပ်ပေါင်းစုနှင့် မြန်မာ့တပ်မတော်တို့ နှစ်ဖက် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။
တိုက်ပွဲတွင်နှစ်ဘက်ထိခိုက်ကျဆုံးမှုမသိရှိရသေးပါ။ တိုက်ပွဲနောက်ဆက်တွဲသတင်းအား ဆက်လက်တင်ပြသွားပါမည်။

သတင်းနှင့်ပြန်ကြားရေးဌာန

-------------------------------------------

တအာင်းတပ်မတော် သိန်းပေါင်း သုံးသောင်းငါးထောင်ကျော် ကာလတန်ဘိုးရှိ ဘိန်းဖြူ နှင့် ယာမဆေးပြား ဖမ်းဆီးရမိ

၂၀၁၅ ခုနှစ် မတ်လ ၅ ရက်

တအာင်းတပ်မတော် စစ်ဦးစီးအဖွဲ့နှင့် တအာင်းအထူးမူးယစ်အဖွဲ့ပူးပေါင်းတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်စဉ် ၂၀၁၅ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နမ့်ခမ်း-မိုင်းဂီး-မန်တုံ ကားလမ်းမပေါ်ရှိ မန်တုံမြို့နယ်၊ မြန်မာ့တပ်မတော် တပ်စခန်းချထားသော ခိုမုန်းရွာအနီးတွင် ရှောင်တခင်စစ်ဆေးနေစဉ် မိုင်းဂီးဖက်မှ ဆင်းလာသော ကျောက်တင်ကားတစ်စီးအား စစ်ဆေးရာ ဆာလာအိတ်ဖြင့်ထုတ်ထားသော ဘိန်းဖြူ(၁၆.၅)ကီလို ကာလတန်ဘိုး (၉,၀၇,၅၀,၀၀၀)ကျပ် သိန်းပေါင်း(ကိုးထောင်နှင့်ခုနှစ်သိန်းငါးသောင်းကျပ်)၊ ယာမဆေးပြား(၂၃၂၀၀၀၀)ပြား၊ ကာလတန်ဘိုး (၃,၄၈,၀၀,၀၀,၀၀၀)ကျပ် ဘိန်ပေါင်း(သုံးသောင်းလေးထောင်ရှစ်ရာကျပ်)၊ စုစုပေါင်းကာလတန်ဖိုး (၃,၅၇,၀၇,၅၀,၀၀၀)ကျပ်၊ သိန်ပေါင်း(သုံးသောင်းငါးထောင်ခုနှစ်ရာနှင့် ခုနှစ်သိန်းငါးသောင်းကျပ်) ဖမ်းဆီးရမိခဲ့သည်။ ကျောက်တင်ကားအားစစ်ဆေးရန် ရပ်တန့်စဉ် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် ကာယကံရှင်မှ ထွက်ပြေးထိမ်းရှောင်သွားသဖြင့် ယာဉ်မောင်းနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီရမိခဲ့သည်။ မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် ကာယကံရှင်မှာ နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက် နေထိုင်သည့် တရုတ်လူမျိုး ဖြစ်ကြောင်းစုံစမ်းသိရှိရသည်။ ၎င်းယူလာသည့်နေရာနှင့် ကာယကံရှင်၏ အသေးစိတ်အချက်အလက်အား စုံစမ်းနေဆဲဖြစ်သည်။

သတင်းနှင့်ပြန်ကြားရေးဌာန
PSLF/TNLA